# ခါချနေရတယ်

နှင့်

## အခြားဆောင်းပါးများစုစည်းမှု

အောင်အောင် (IR)



- 7-Day News
- The Voice
- The Reporter
- Democracy Today
- The Mirror
- New Light of Myanmar
- The Myanmar Post
- The Myanmar Review

သတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါးများ စုစည်းမှု



# စာရေးသူ၏ အမှာ စာ

ယခုအခါ စာရေးသူ၏ စာရေးသက်တမ်းသည် ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည် ။ ယခု စာအုပ်သည် စာရေးသူ၏ ၅ အုပ်မြောက်ဆောင်းပါးများ စုစည်းမှုစာအုပ်လည်း ဖြစ်သည် ။ စာရေးခါစ နှစ်ပုဒ်၊ သုံးပုဒ်မှ သည် ယခုအခါ ရေးသားပြီးစီးသော ဆောင်းပါးပေါင်း နှစ်ရာ၊ သုံးရာမက ရှိခဲ့ပြီ။ စာရေးသူ ၂၀၀၇ ခုနှစ်တွင် ဆောင်းပါးများ စတင်ရေးသားချိန်တွင် စစ်အစိုးရ ခေတ်ကာလဖြစ်သည် ။ ယခု ၂၀၁၇ ခုနှစ်တွင် မူကား ဒီမိုကရေစီခေတ်ကာလဟု ဆိုနိုင်ပေသည် ။ ယခင်က စာမူများကို လက်ရေးဖြင့် ရေးသား၊ လူကိုယ်တိုင် ဂျာနယ်တိုက်များ သို့ သွားရောက်ပေးပို့ ခဲ့ရာမှ ယခုအခါတွင် မူ စာမူများကို ကွန်ပျူတာတွင် ကိုယ်တိုင် တိုက်ရိုက်ရေးသား၊ အီးမေးလ်၊ အင်တာနက်မှ တစ်ဆင့် ချိတ်ဆက် ပေးပို့နိုင်ပြီဖြစ်သည် ။ စာရေးခါစ မိမိ ဆောင်းပါးများ သတင်းစာ၊ ဂျာနယ်များ တွင် ပါရှိလာပါက မိတ်ဆွေ၊ အပေါင်းအသင်းများအား လိုက်လံပြသ၊ ဝေဖန်ချက် တောင်းခံခဲ့ရာမှ ယခုတွင်မူ နိုင်ငံတလွှား စာဖတ်သူများမှ ဆိုရှယ်မီဒီယာများ ၊ ဖုန်းများမှ တစ်ဆင့် ဆက်သွယ်မိတ်ဖွဲ့ ဆွေးနွေးဝေဖန်လျက် ရှိကြပြီ။

လူတစ်ဦး၏ သက်တမ်းဆိုသည် မှာ တိုတောင်းလှသည် ။ ရှင်သန်ကျန်းမာချိန်တွင် အဓိပ္ပာယ် ရှိသော အရာများကို လုပ်ဆောင်သွားကြရန် အရေးကြီးသည် ။ အဆိုပါ လုပ်ဆောင်ချက်များ သည် ပင် လူတစ်ဦး၏ သမိုင်းဆိုသည် မှာ ဖြစ်တည်လာသည် ။ သမိုင်းဆိုသည် မှာ ဖြစ်စဉ်တစ်ခုဖြစ်သည် ။ လူတိုင်းသည် မိမိတို့ ၏ သမိုင်းကို နေ့စဉ်ရေးသားလျက်ရှိကြသည် ။ အဓိပ္ပာယ်ရှိသော သမိုင်းများ ဖြစ်ရန်တော့လိုသည် ။ အ

ခိပ္ပာယ်ရှိသောသမိုင်းကို ရေးသားသော လူပုဂ္ဂိုလ်သည် ကြီးပွားတိုးတက် မည်ဖြစ်ပြီး အဓိပ္ပာယ်ရှိသော သမိုင်းပိုင်ရှင် အများ အပြား စုဖွဲ့နေထိုင်ကြသော လူ့အဖွဲ့အစည်း၊ တိုင်းနိုင်ငံသည် အရှည်သဖြင့် တိုးတက်စည်ပင်မည်ဖြစ်သည် ။ ဤစာအုပ်သည် ပင် အဓိပ္ပာယ်ရှိသော သမိုင်းတို့ဖြစ်စေရန် စေ့ဆော်သော စာအုပ်တစ်အုပ်ဖြစ်မည်ဟု မျှော်လင့်မိပေသည် ။

**အောင်အောင် (IR)**
**aa33mm33@gmail.com**
**Facebook: Aung Aung IR**

ပညာရေး

# လူငယ်နှင့် လွတ်လပ်ခြင်း



Source: Internet

ဒီတစ်ခေါက်ဆောင်းပါးမှာ လူငယ်နဲ့ လွတ်လပ်ခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးမယ်။ လွတ်လပ်ခြင်းဆိုတာ အများကြီးကျယ်ပြန့်တယ်။ လူတိုင်း လွတ်လွတ်လပ်လပ် နေချင်ကြတယ်။ ချုပ်ချယ်တာကို မကြိုက်ကြဘူး။ ဒါကြောင့် တချို့ဆို လခစားအလုပ်ကို မလုပ်ချင်ကြဘူး ။ ကိုယ်ပိုင်အလုပ်ပဲ လုပ်ချင်ကြတယ်။ လခစားအလုပ်ဆိုတာ လွတ်လပ်

မှုမရှိချင်ဘူး။ သို့သော် ဒီနေ့ခေတ်ကြီးမှာ အလုပ်ဆိုတာ ရွေးလို့ မရတတ်ဘူး။ ရတဲ့ အလုပ် ဝင်လုပ်ကြရတာမျိုး ရှိတယ်။ ကိုယ်တိုင်အလုပ်တစ်ခု တည်ထောင်ဖို့ ဆိုတာကလည်း မလွယ်လှဘူးလေ။ တချို့လည်း အလုပ်မှာ အဆင်မပြေတော့ တခြားအလုပ်ပြောင်းကြတယ်။ ပြောင်းတဲ့ အလုပ်ကလည်း အရင်အလုပ်လိုပဲ ဖြစ်နေတတ်တယ်။ ဒီလိုနဲ့ တချို့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကျတာမျိုးတွေဖြစ်၊ လောကကြီးကို အဆိုးမြင်၊ နောက်ဆုံးဘဝကြီးကို လက်မြှောက်အရှုံးပေးသွားတာတောင် တွေ့လာနေရတယ်။

ဘဝတစ်ခုဆိုတာ တိုက်ပွဲတစ်ခုလိုပဲ။ အင်မတန် ရှုပ်ထွေးတယ်။ အကွေ့အကောက်၊ အနိမ့်အမြင့် များ တတ်တယ်။ ရှုမြင်ပုံအပေါ်မှာ တော့ မူတည်မှာ ပေါ့လေ၊ လိုချင်တာ၊ ရချင်တာ များ လေ ထိခိုက်ဆုံးရှုံးမှု များ တတ်လေပဲ။ ခေတ်နဲ့ ညီတဲ့ လူနေမှုအဆင့်အတန်းကို ရမှာ ကိုး။ ဒီတော့ လိုချင်တာ၊ ရချင်တာတွေ ရဖို့ ၊ ဖြစ်ဖို့ ဘာတွေလုပ်သင့်လဲ။ ကိုယ့်မှာ အရည်အချင်းတွေ များ နိုင်သမျှ များ အောင် လေ့ကျင့်ပြင်ဆင် တည်ဆောက်ထားသင့်တာပေါ့။ အဲဒီအတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ ပေးဆပ်သင့်တာ ပေးဆပ်ကြရမယ်။ ဘာကိုမဆို လေးလေးနက်နက် တွေးရမယ်။ ဖောက်ထွက် တွေးခေါ်ရမယ်။ ဖြစ်နိုင်သမျှ အရာအားလုံးကို တွေးတောနိုင်ရမယ်။ စိတ်ကူးယဉ်ရမယ်။ ဦးနှောက်ကို အလုပ်ပေးရမယ်။ ဦးနှောက်ကို အလုပ်ပေးရမယ်ဆိုတာ အကြောင်းရှိတယ်။ မြန်မာတွေက ဦးနှောက်ထက် ခွန်အားသုံးချင်ကြတယ်။ ရှည်ရှည်ဝေးဝေး သိပ်မတွေးချင်ကြဘူး ။ အမြင်ကျယ်သူ နည်းတယ်။ ရောင့်ရဲတင်းတိမ် လွယ်တယ်။ လောဘ နည်းတယ်။ ဒါကြောင့်လည်း မြန်မာစစ်ရင် ဆင်းရဲတဲ့ သူများ တာပေါ့။

တချို့က ပြောရင်လည်း မကြိုက်ကြဘူး။ သူများ လစာစားရင်း၊ အကြောင်းမသင့်ရင် အပြောအဆိုတော့ ခံရမှာ ပဲ။ ကိုယ့်မှာ အရည်အချ

င်းနဲ့ ပြည့်စုံနေပြီလား အရင်ကြည့်။ ဘယ်နေရာမှာ မဆို ဂုဏ်သိက္ခာရှိရှိ ရှင်သန်နိုင်သလား။ လောကကြီးကို ခွန်အားနဲ့ မဟုတ်ဘဲ ဦးနှောက်နဲ့ စိန်ခေါ်နိုင်သလား။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်။ အိုကေဆို လောကကြီးကို စိန်ခေါ်လိုက်။ စိန်ခေါ်လိုက်ဆိုတာ ကိုယ်လုပ်ချင်တာလုပ်လို့ ပြောတာ။ ကိုယ်မှန်တယ်ထင်ရင် ကိုယ့်လမ်းကို ရဲရဲလျှောက်။ အဲဒါ လွတ်လပ်ရေးပဲ။ သို့သော် ဘယ်သူ့ကိုမှ လူမထင်ဘူး၊ ဘယ်သူ့ကိုမှ ဂရုမစိုက် ဘူးလို့ ဆိုချင်တာ မဟုတ်ဘူး နော်။ လူ့အဖွဲ့အစည်းမှာ အများ နဲ့ လိုက်လျောညီထွေမနေနိုင်ဘူး၊ မနေတတ်ဘူးဆိုရင် ရှင်သန်ဖို့ ခဲယဉ်းတယ်။ အခုက ခေတ်ပြောင်းသွားပြီ။ ဘာမဆို ပေါ့ပေါ့ဆဆ လုပ်လို့ မရတော့ဘူး။ လူ့အဖွဲ့အစည်းကို တော်လှန်ချင်တယ်၊ ဖောက်ထွက်တွေးခေါ်ချင်တယ်၊ လူတွေကို စည်းရုံးသိမ်းသွင်းချင်တယ်ဆိုရင် တော်လှန်နိုင်ပါတယ်။ ပြင်ဆင်ပြောင်းလဲနိုင်ပါတယ်။ စည်းရုံးသိမ်းသွင်းနိုင်ပါတယ်။ သို့သော် ပညာဆိုတာ လိုလာတယ်။ ပညာမတတ်ဘဲ တော်လှန်ရေး လုပ်ရင် ကွန်မြူနစ်လို့ အပြောခံရမှာ ပေါ့။ ဒါမှ မဟုတ်လည်း အခုခေတ်စားနေတဲ့ အာဏာရှင်တို့ ၊ ဖက်ဆစ်တို့ ဆိုတဲ့ စကားလုံးတွေနဲ့ အတိုက်အခိုက်ခံရမှာ ပေါ့။

ဒီနေရာမှာ ပညာအရေးကြီးတယ်နော်။ ပညာတတ်ပြီး အမှားလုပ်ရင် လူတွေက ခွင့်လွှတ် တတ်တယ်။ ပညာရှိ သတိဖြစ်ခဲဆိုတာမျိုး ပြောတတ်ကြတယ်။ ပညာနည်းတဲ့ သူက အမှားဖြစ်ရင် ပြောလို့ မဆုံးတတ်ဘူး။ ပညာတတ်တဲ့ သူက အရက်မူး၊ လမ်းဘေးသေးပန်းရင်တောင် အောက်ခြေ လူတန်းစားနဲ့ တစ်သားတည်းရှိတဲ့ သူလို့ ကြံဖန်ချီးကျူးခံရတတ်တယ်။ ပညာမတတ်တဲ့ သူ လမ်းဘေးသေးပန်းလို့ ကတော့ အောက်တန်းစားလိုလို အပြောခံရမှာ ပေါ့။ ဆိုချင်တာက လောကကြီးက မတရားဘူးဗျာ။ အဆင့်အတန်းခွဲတဲ့ လောကကြီးဖြစ်တယ်။ အညာအ

တာကင်းတဲ့ လောကကြီးဖြစ်တယ်။ အသိနောက်ကျတဲ့ သူတွေအတွက် အခွင့်အလမ်းနည်းတဲ့ လောကကြီးဖြစ် တယ်။ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လောကြီးဖြစ်တယ်။ အဲဒီလောကကြီး မတရားဘူးဆိုပြီး ပေါက်ကွဲမှုသံ စဉ်တွေနဲ့ အရွဲ့တိုက်နေမယ်ဆိုရင် ကိုယ်ပဲနာတာပေါ့ဗျာ။ လောကကြီး ကို ကိုယ်က ရယ်မောနိုင်ဖို့ ကြိုးစားရတယ်။ မဟုတ်ရင် လောကကြီးက ကိုယ့်ကို ရယ်မောသွားလိမ့်မယ်ဆိုတဲ့ စကားရှိတယ် မဟုတ်လား။

ဒီနေရာမှာ လွတ်လပ်ခြင်းဆိုတဲ့ အရသာကို နည်းနည်းချဲ့ ဆွေးနွေး ချင်တယ်။ ဒီအလုပ် မကြိုက်ရင် နောက်အလုပ် ပြောင်းနိုင်ရမယ်။ ဒီဝန်း ကျင် သဘောမကျရင် နောက်ဝန်းကျင် ပြောင်းနိုင်ရမယ်။ ဒီတစ်နေရာ ရေးခွင့်မရရင် နောက်တစ်နေရာ ရေးနိုင်ရမယ်။ လွတ်လပ်စွာ တွေးခေါ် နိုင်ရမယ်။ ကြောက်ရွံ့ခြင်းက ကင်းဝေးရမယ်။ ရန်သူရှိရင် ရင်ဆိုင်နိုင် ရမယ်။ ရန်သူ ဝိုင်းထားရင် ဖောက်ထွက်နိုင်ရမယ်။ လွတ်လပ်ခြင်းအရ သာကို တစ်ပါးသူတွေဆီ ကူးစက်ပျံ့နှံ့စေ ရမယ်။ ရေးကောင်းတိုင်း ရေး နေတာ မဟုတ်ဘူး နော်။ လုပ်ရင်ဖြစ်တယ်ဆိုတဲ့ သတင်းစကား ပေးချ င်တာဖြစ်တယ်။ ဘာပြောတယ်။ ပူလောင်ပါတယ် ဟုတ်လား။ ဒါပေ့ါဗျာ။ လွတ်လပ်ခြင်းရဲ့ အရသာကို ရယူခံစားနိုင်ဖို့ ကြိုးစားတယ် ဆိုတာ အေးအေးသက်သာနေတဲ့ သူတွေနဲ့ စာရင်တော့ ပူလောင်တာပေ့ါဗျာ။ သို့သော် ခိုင်းသမျှ၊ ပြောသမျှ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ အောင့်သက်သက်နဲ့ လုပ်ရတာ၊ မကြိုက်မနှစ်သ က်သော်လည်း ဝမ်းရေးအတွက် အောင့်အည်း သည်းခံ အလုပ်လုပ်ရ တာတွေနဲ့ စာရင် ဘဝကို ဂုဏ်သိက္ခာရှိရှိ ရင်ဆိုင်နိုင်ဖို့ အတွက် လွတ် လပ်ခြင်း အတွက် ပေးဆပ်ရတဲ့ အချိန်တွေ၊ ကြိုးပမ်းအားထုတ်မှုတွေ ဟာ အများကြီးသာပါတယ်ဗျာ။

ဘေးထွက်ဆိုးကျိုးဆိုတာတွေလည်း ရှိပါတယ်။ တချို့လည်း ကြိုး

စားအားထုတ်လွန်ပြီး လူမှုအသိုင်းအဝိုင်းနဲ့ ကင်းကွာသွားတာ၊ စာဖတ်လွန်ပြီး ကြောင်တောင်တောင်ဖြစ်သွားတာ၊ အုပ်စုကခွဲထွက်သွားလို့ အဖယ်ကြဉ်ခံရတာ၊ ဟိုမရောက်ဒီမရောက်ဖြစ်ပြီး စိတ်ကျတာ၊ စိတ်ကြွတာ ဒါတွေ ဖြစ်တတ်ပါတယ်။ မလုပ်နိုင်ဘူးထင်ရင် လုပ်ကို မလုပ်ပါနဲ့။ ခဏခဏ ကြိုးဖူးလို့ ပြောတာပါ။ စကားအဖတ်တင်တယ်ဗျာ။ အချိန်ကုန်တယ်ဗျာ။ ကိုယ့်ကိုယ်ကိုယ် နားလည်နိုင်ဖို့ က အဓိကပဲဗျ။ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်တဲ့ သူက အဆိုးဆုံးပဲ။ ကိုယ့်ကိုယ်ကိုယ် နားမလည်ဘဲ လောကကြီးကို နားလည်ဖို့ ကြိုးစားရင် မှားမှာ ပေါ့။ ဘာလုပ်လုပ် ကိုယ်ကိုယ်တိုက်ကသာ အစပြုရတယ်။ အပြောင်းအလဲကိုလည်း ကိုယ်ကပဲ အစပြုရတယ်။ ကိုယ်ကိုယ်တိုင်က ပထမဆုံး လွတ်လပ်ဖို့ လိုတယ်။ လွတ်လပ်စွာ တွေးနိုင်ပြီလား။ တချို့က အတွေးတွေ သိပ်များတယ်။ သူ့အတွေးနဲ့ သူ ချည်ထားတယ်။ ရှေ့မရောက်ဘဲ နောက်ပြန်လည်သွားတယ်။ ပြီးခဲ့တာတွေကို နောင်တပြန်ရတယ်။ အဲဒီကတည်းက လုပ်ခဲ့ရင် အခုအချိန်ဆို ဘာဖြစ်နေပြီ။ အဲဒီကတည်းက စုခဲ့ရင် အခုဆို ဘာဝယ်နိုင်နေပြီ။ ပြီးခဲ့ပြီပဲ။ မေ့လိုက်ပါ။ နောက်တစ်ခေါက် မမှားဖို့ လိုတယ်။ အသိစိတ်ဆိုတာ ဘယ်တော့မှ နောက်ကျတယ်လို့ တော့ မရှိပါဘူး။ အမှားကိုသိပြီး ပြန်လည် ပြင်ဆင်နိုင်တာ သတ္တိပဲ။ စစ်မှန်တဲ့ သတ္တိတွေ များ လာတဲ့ အခါ လွတ်လပ်ခြင်းဆိုတာ ဖြစ်လာလိမ့်မယ်။


အခု နိုင်ငံတကာမှာ ခေတ်စားနေတဲ့ အသုံးအနှုန်းတစ်ခု ရှိတယ်။ Freelance တို့ ၊ Independent တို့ ဆိုတာ ဖြစ်တယ်။ လခစားမဟုတ်ဘဲ ငှားတဲ့ သူရှိရင်၊ ခေါ်တဲ့ သူရှိရင် အခကြေးငွေနဲ့ လိုက်တာပေါ့။ အခု နိုင်ငံတကာသင်တန်းတွေ၊ အဖွဲ့အစည်းတွေမှာ အဲဒီ Freelance တို့ ၊ Independent တို့ ဆိုတဲ့ သင်တန်းဆရာတွေ၊ အလုပ်လုပ်နေသူတွေ မကြာမကြာ တွေ့လာနေရ တယ်။ မြန်မာနိုင်ငံမှာ သင်တန်းတစ်ခု လုပ်

ချင်တယ်၊ ပရောဂျက်တစ်ခု စတင်ချင်တယ်ဆိုရင်လည်း အဲဒီလို အချိန်ပိုင်းငှားလို့ ရတဲ့ ကျွမ်းကျင်သူတွေကို ရှာဖွေလေ့ရှိတယ်။ ပညာတစ်ခုကိုတော့ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားရမှာ ပေါ့။ ဘယ်လောက်လွတ်လပ်သလဲဗျာ။ ကိုယ့်ဘက်က ဈေးကွက်ရှာဖို့ တော့ လိုတာပေါ့။ ကိုယ့်ရဲ့ အရည်အသွေးက ကောင်းဖို့ တော့ လိုတာပေါ့။ ဦးနှောက်ပဲ စိုက်ရတာလေ။ ဈေးကွက်လည်း ရပြီ။ အရည်အသွေးကိုလည်း ထိန်းနိုင်တယ်ဆိုရင် ကိုယ်က သူတို့ ဆီ သွားစရာမလိုဘူး။ သူတို့ က ကိုယ့်ဆီလာလိမ့်မယ်။ အဲဒါ လွတ်လပ်ခြင်းပဲပေါ့။

**Source: 7-Day Daily/Mar 17,2016/P.19**

***

# လူငယ်နှင့် စမတ်ကျခြင်း



Source: Internet

ဒီနေ့ခေတ်မှာ လူငယ်တွေ စမတ်ကျကျနေတတ်ဖို့ ဆိုတာ အင်မတန်အရေးကြီးပါတယ်။ အဲဒီလို စမတ်ကျကျနေထိုင်ခြင်းဟာ ကိုယ့်အတွက်တင် မဟုတ်ဘူး ။ တစ်မျိုးသားလုံးအတွက်ပါ သက်ရောက်မှုရှိတယ်။ ဒီနေ့ ကိုရီးယားလှိုင်းဆိုတာ စမတ်ကျကျနဲ့ အများကြီးဆက်စပ်တယ်။ ကိုရီးယားမှာ ဘယ်နေရာကြည့်ကြည့် လန်းတယ်။ လန်းတဲ့ နေရာ များတယ်။ လူတင် မဟုတ်ဘူး အမူအကျင့်ကလည်း လန်းတယ်။ ဝန်းကျင်

ကလည်း လန်းတယ်။ ဒီတော့ သူတို့ ဇာတ်ကားတွေ ကြည့်ရင် လူတွေက ကိုရီးယားဆို အလည်သွားချင်စိတ်တွေ ဖြစ်လာတယ်။ တကယ်တော့ ကိုရီးယားဆိုတာ မြန်မာနိုင်ငံနဲ့ စာရင် ကျဉ်းကျဉ်းလေးလို့ ပြောလို့ ရတယ်။ သို့သော် တစ်နိုင်ငံလုံး စမတ်ကျခြင်းမှ တစ်ဆင့် ကိုရီးယားလှိုင်းက တစ်ကမ္ဘာလုံး အထူးသဖြင့် အာရှတစ်လွှားကို ပျံ့နှံ့သွားတယ်။

နိုင်ငံတိုင်းမှာ သူ့စတိုင်(Style)နဲ့ ဆိုတာ ရှိပါတယ်။ သူ့ရိုးရာနဲ့ သူဆိုတာ ရှိပါတယ်။ သူ့ယဉ်ကျေးမှုနဲ့ သူဆိုတာ ရှိပါတယ်။ ဂျပန်မှာ လည်း ဂျပန်စတိုင်ဆိုတာရှိသလို တရုတ်မှာ လည်း တရုတ်စတိုင်ဆိုတာ ရှိပါတယ်။ ထိုင်းစတိုင်ဆိုတာရှိသလို မလေးစတိုင်ဆိုတာလည်း ရှိတယ်။ ကျွန်တော်တို့ မြန်မာမှာ လည်း မြန်မာစတိုင်ဆိုတာ ရှိပါတယ်။ အဲဒီစတိုင်ဆိုတဲ့ စမတ်ကျခြင်း (Smart)ဆိုတာ တိုက်ရိုက်ချိတ်ဆက်နေတယ်။ အဝတ်အစားဆိုကြပါစို့။ အဝတ်အစားမှာ ဂျပန်စတိုင်ဆိုရင် ကီမိုနိုပေါ့။ မြန်မာစတိုင်ဆိုရင် ပုဆိုးနဲ့ ထဘီကို ဆိုလိုပါတယ်။ အဝတ်အစားတင် မဟုတ်ဘူး ။ အစားအစာ၊ အတွေးအခေါ်၊ လုပ်ပုံကိုင်ပုံကအစ အုပ်စုတိုင်းမှာ သူ့စတိုင်နဲ့ သူရှိတယ်။ အဲဒါ သွားပြင်လို့ မရဘူး။ သို့သော် အဲဒီစတိုင်တွေ စမတ်ကျဖို့ ဆိုတာကျတော့ လူအပေါ်မှာ မူတည်တယ်။ စတိုင်က စမတ်မကျရင် တုံးတယ်လို့ ဆိုတတ်ကြတယ်။ အောက်တယ်။ မလန်းဘူးပေါ့ဗျာ။ စတိုင်က စမတ်ကျရင်တော့ မိုက်တယ်ပေါ့ဗျာ။ ရှယ်ပေါ့။ လန်းတယ်ပေါ့။ သို့သော် ဒီနေ့ခေတ်မှာ ဘာပဲဖြစ်ဖြစ် စတိုင်ဆိုတာ အားလုံးရောထွေးသွားပြီ။ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးရယ်လို့ မရှိတတ်တော့ဘူး။ ဆိုကြပါစို့။ ဘောင်းဘီနဲ့ တီရှပ်ဆို လူတိုင်းဝတ်နေကြပြီး သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း၊ လိုက်ဖက်တာ ဝတ်တယ်ဆိုရင် စတိုင်ရှိတာပဲပေါ့။ စမတ်ကျတာပဲပေါ့။ တန်ဖိုးမကြီးရင်နေပါစေ။ စမတ်ကျခြင်းဆိုတာ မိမိကိုယ်မိမိ စီမံခန့်ခွဲခြင်းလည်း မည်တယ်။

လူငယ်တွေ စမတ်ကျဖို့ ဘာကြောင့် ရေးနေရသလဲဆိုရင် မြန်မာလူငယ်တွေ စမတ်ကျမှု အားနည်းလို့ ဖြစ်ပါတယ်။ ယေဘုယျ စမတ်ကျဖို့ဆိုရင် ငွေရှိရမယ်။ ပညာရှိရမယ်။ အလုံးအထည်၊ အရပ်အမောင်းကောင်းရမယ် စသဖြင့် လူတွေက ထင်တတ်ကြတယ်။ အဲဒါတွေအားလုံး အရေးကြီးတာတော့ မှန်ပါတယ်။ သို့သော် ကိုယ့်မှာ ရှိတဲ့ အခြေအနေနဲ့လည်း စမတ်ကျအောင်နေရင် နေလို့ ရပါတယ်။ စမတ်ကျအောင်နေတယ်ဆိုတာ မိမိကိုယ်ကိုယ် ရင်းနှီးမြှုပ်နှံခြင်းလည်း မည်ပါတယ်။ မြန်မာလူငယ် အတော်များများကိုကြည့်။ ဖြစ်သလို နေကြတာများ တယ်။ ပျင်းရိပျင်းတွဲ ရှိကြတယ်။ တွေတွေဝေဝေ နေတတ်ကြတယ်။

လန်းဆန်းတက်ကြွမှု မရှိချင်ဘူး။ လူများ စုနဲ့ ခြုံပြီးပြောတာနော်။ မိန်းကလေးတွေဆိုလည်း အမြင်မတော် ဟိုနှိုက်၊ ဒီနှိုက်။ ဟိုနှိုက်၊ ဒီနှိုက်ဆိုတာ နှာခေါင်းကိုပြောတာပါ။ အဲဒါမျိုးတွေ ခဏခဏတွေ့တယ်။ ထိုင်တာကအစ လေးရိလေးတွဲ မထိုင်ကြဖို့ လိုတယ်။ လမ်းလျှောက်ရင်လည်း ခပ်မတ်မတ် စတိုင်ကျကျလျှောက်တာမျိုးပေါ့။

စာရေးသူ ဂျပန်မှာ ကျောင်းတက်တော့ ဂျပန်မိသားစုတစ်စုနဲ့ အတူနေရတယ်။ အိမ်ရှင် မိသားစု (Host Family)လို့ ခေါ်တယ်။ အိုသိုးဆန် (ဂျပန်လို အဖေ)နဲ့ အိုခါးဆန်(ဂျပန်လို အမေ) ဆိုပါစို့။ စာရေးသူရဲ့ အိခါးဆန်က ဂျပန်ရောက်ခါစ စာရေးသူကို ပထမဆုံးသင်ပေးတာက စမတ်ကျ စေဖို့ ပါ။ ဘာလုပ်လုပ် စမတ်ကျစေဖို့ သင်ပေးပါတယ်။ အစကတော့ တော်တော် လေကြောရှည် ပါလားပေါ့။ နောက်တော့ သူပြောပါများ တော့ နည်းနည်းပြင်ဖြစ်လာတယ်။ ထိုင်ရင် ခါးမတ်မတ် ထိုင်တာမျိုး၊ လမ်းလျှောက်ရင် ခါးဆန့်၊ ကိုယ်မတ်ပြီး ခြေလှမ်းတည့်တည့် ခပ်သွက်သွက် လျှောက်တာမျိုးတွေလိုပေါ့။ အခု အဲဒါတွေ အားလုံးဟာ စာရေးသူရဲ့ ကိုယ်ပိုင်စတိုင်တွေ ဖြစ်လာခဲ့ပြီ။

လူဆိုတာ အပြင်ပန်းကြည့်ရင် တစ်ယောက်နဲ့ တစ်ယောက်ဆိုတာ ဘာမှ မကွာတတ်ဘူး။ ယေဘုယျပြောတာပါ။ အားလုံး သူလိုကိုယ်လိုပဲ။ လူတစ်ယောက်ဟာ သူဘယ်လိုဝတ်စားဆင်ယင် သလဲ၊ သူဘယ်လိုပြုမူနေထိုင်သလဲ၊ သူဘယ်လို တွေးခေါ်၊ ကျင့်ကြံသလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး စမတ်ကျတယ်၊ စမတ်မကျဘူးဆိုတာ အဆုံးအဖြတ်ပေးခြင်း ခံရတတ်ကြတယ်။ ဒါကြောင့် လူတစ်ယောက်ဟာ အတွင်းပညာအရည်အချင်းတွေ ဘယ်လောက်ကောင်းနေပါစေ။ အနေအထိုင် မတတ်ဘူး၊ ပြောင်းလဲပြင်ဆင်မှုမရှိဘူး၊ စမတ်မကျဘူးဆိုရင် သူဘာပဲဖြစ်နေပါစေ။ အထင်ကြီးခြင်း မခံရတတ်ဘူး။ တစ်ခါတလေ လူဆိုတာ ဟန်ကိုယ့်ဖို့ လိုတယ်။ ပဲများ သင့်ရင် များ ရမယ်။ လူဆိုတာ အထင်ကြီးခံရမှ လည်း သူလုပ်ချင်တာကိုလုပ်ဖို့ အခွင့်အရေး ပိုများ တတ်တယ်။

အချို့ဆို ပညာသာတတ်တယ်။ ဖြစ်သလိုနေတယ်။ အပြင်အဆင်တွေ၊ စတိုင်တွေ၊ စမတ်ကျတယ် ဆိုတာတွေ အရေးမကြီးပါဘူးလို့ ဆိုသူတွေရှိတယ်။ ကိုယ့်ပြည်တွင်းမှာ ဆိုရင် ဟုတ်တာပေ့ါ။ အတွင်းကမျက်စိနဲ့ တော့ ဟုတ်တာပေ့ါ။ သူလိုကိုယ်လိုတွေ များ တာကိုး။ နိုင်ငံတကာ တိုးချင်တယ်ဆိုရင် နိုင်ငံတကာမျက်စိမှာ ဝင်ဆံ့ရမယ်။ နိုင်ငံတကာနဲ့ ယှဉ်တယ်ဆိုတာ အားလုံး လန်းဖို့ လိုတယ်။ အတွင်းရော၊ အပြင်ပါ လန်းဖို့ လိုတယ်။ ပညာလည်း ကောင်းဖို့ လိုသလို စမတ်လည်း ကျဖို့ လိုတယ်။ အခုဆို ဒေသတွင်းမှာ ထိုင်းတို့ ၊ မလေးတို့ ၊ အင်ဒိုတို့ ၊ ဗီယက်နမ်တို့ ၊ ဖိလစ်ပိုင်တို့ ဆိုတာ အားလုံးဆရာကြီးတွေ လုပ်နေပြီ။ အိမ်နီးချင်းနိုင်ငံတွေလှည့်ပြီး တစ်ယောက်တစ်လှည့် ဆရာလုပ်နေကြပြီ။ ပညာလည်း တတ်တယ်၊ စမတ်လည်း ကျတယ်ဆိုရင် လူတွေက သူတို့ ကို မြင်တာနဲ့ ကိုယ့်ထက်သာသလို ခံစားသွားကြရတတ်တယ်။ အဲဒါ ပထမ အင်ပရက်ရှင်။ ပထမ အင်ပရက်ရှင်ကောင်းပြီဆိုရင် နောက်ပိုင်းတွေက

မှိန်းလိုက်သွားလို့ ရပြီ။

ဒီနေ ရာမှာ မြန်မာပညာတတ်ဆိုသူတွေက အသက်ကြီးပိုင်းတွေ များ တယ်။ လူငယ်တွေက အတွေ့အကြုံ နည်းကြတာများ တယ်။ ဒီတော့ အတွေ့အကြုံရှိတဲ့ လူကြီးတွေပဲ ပြည်ပထွက်တော့ ဟိုကလူတွေကတောင် မြန်မာနိုင်ငံမှာ လူ ဒီလောက်ပဲ ရှားသလားဆိုပြီး တွေးယူကြရတယ်လို့ ခင်မင်ရင်းနှီးတဲ့ အာရှသား မိတ်ဆွေတစ်ယောက် ပြောခဲ့ဖူးတာ ကြားယောင်နေမိတယ်။ ဟုတ်လည်း ဟုတ်တယ်။ နိုင်ငံတကာဆီမီနာတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေဆိုရင် ဒီနိုင်ငံကလွှတ်ရင် အသက်ကြီးပိုင်း လူကြီးတွေ များ တယ်။ အခြား အာရှနိုင်ငံတွေဆိုရင် လူငယ်ပိုင်း၊ လူလတ်ပိုင်းတွေ များ တယ်။ ဒီတော့ အဲဒီလူငယ်မျိုးဆက်ကို အားပေးတဲ့ အာရှနိုင်ငံများက လူငယ်တွေဆိုရင် သူတို့ လူကြီးပိုင်း အသက် ၅၀ ဝန်းကျင်ရောက်ပြီဆိုရင် နိုင်ငံတကာအတွေ့အကြုံ တော်တော်ရှိနေပြီ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ရှိနေပြီ။ ဒေသဆိုင်ရာအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်း တွေမှာ ထိပ်ပိုင်းရာထူးတွေမှာ ဝင်လုပ်နေကြပြီ။ အဲဒီလို နိုင်ငံတကာနဲ့ ဝင်ဆံ့နိုင်တဲ့ လူကြီးတွေ ဖြစ်ဖို့ ဆိုတာ အဆက်အသွယ်(Networking)ကောင်းဖို့ လိုတယ်။ အဲဒီလိုအဆက်အသွယ် ကောင်းဖို့ ဆိုတာလည်း ကိုယ်က စမတ်ကျဖို့ လိုတယ်။ နိုင်ငံတကာ အဆက်အသွယ်ဆိုတာ ငယ်ရွယ်တုန်းမှာ တည်ဆောက်ထားရတယ်။ အခုပြောနေတာ ကမ္ဘာနဲ့ ချီပြီး စဉ်းစားနေတာနော်။ ကမ္ဘာနဲ့ ချီပြီး မျိုးဆက်တစ်ဆက် စမတ်ကျဖို့ ပြောနေတာဖြစ်တယ်။

အခု မြန်မာနိုင်ငံပြင်ပမှာ မွေးဖွားကြီးပြင်းတဲ့ မြန်မာလူငယ်တွေ အများကြီးရှိနေပြီ။ မြန်မာစကားမတတ်တဲ့ မြန်မာလူငယ်တွေဆိုတာလည်း အများကြီးပဲ။ အဲဒီလိုလူတွေ ရွှေ့ပြောင်း၊ နေထိုင်ကြတယ်ဆိုတာ တစ်ကမ္ဘာလုံးမှာ ဖြစ်နေတာနော်။

ကိုရီးယားနိုင်ငံပြင်ပမှာ မွေးတဲ့ ကိုရီးယား လူငယ်တွေ ကိုရီးယားပြန်လာကြတာ အများကြီးရှိတယ်။ ဒီလိုပဲ။ အိမ်နီးချင်း ထိုင်းနိုင်ငံ ဆိုရင်လည်း သူ့နိုင်ငံပြင်ပမှာ မွေးတဲ့ ထိုင်းလူငယ်တွေ ထိုင်းကိုပြန်လာကြတာ အများကြီးရှိတယ်။ အပြင်က ကိုရီးယားနဲ့ အတွင်းက ကိုရီးယား သိပ်မကွာဘူး။ ဝန်းကျင်လည်း လန်းတယ်။ စမတ်ကျတဲ့ သူတွေလည်း များတယ်။ အပြင်က ထိုင်းနဲ့ အတွင်းကထိုင်း ကွားခြားမှု သိပ်မကြီးဘူး။ ဝန်းကျင်လည်း လန်းတယ်။ စမတ်ကျတဲ့ သူတွေလည်း များ တယ်။ တရုတ်လည်း ဒီလိုပဲ၊ မလေးလည်း ဒီလိုပဲ၊ ဗီယက်နမ်လည်း ဒီလိုပဲ။ ကဲ မြန်မာအလှည့်။ စာရေးသူ အတွေ့အကြုံအရ မြန်မာနိုင်ငံကိုပြန်လာချင်တဲ့ သူတွေက အသက်ကြီးတဲ့ သူနဲ့ အသက်မကြီးတကြီးတွေပဲ များ တယ်။ မြန်မာနိုင်ငံပြင်ပမှာ မွေးတဲ့ မြန်မာလူငယ်တွေဆိုရင် ဒီနိုင်ငံကိုပြန်လာလည်း ခဏပဲ။ ရေရှည်နေထိုင်၊ လုပ်ကိုင်စို့ဆိုတာ စိတ်မကူးကြဘူး။ အဲဒါ ဘာဖြစ်လို့ လဲ။ ဆက်ပြီးသာ စဉ်းစားကြည့်ပါတော့ဗျာ။

Source: The Voice Sunday/ April 03, 2016/P.14

***

# ပိုလန်နိုင်ငံ(Poland)၊ ပညာသင်အခွင့်အလမ်းများ



Source: Internet

ဒီတစ်ခေါက်တင်ပြမယ့် ပညာသင်ဆုဆောင်းပါးကတော့ ပိုလန်နိုင်ငံ၊ ပညာသင်ဆု အခွင့်အလမ်းများ ပဲ ဖြစ်ပါတယ်။ ပိုလန်နိုင်ငံဆိုတာ ဥရောပတိုက်အလယ်ပိုင်းမှာ တည်ရှိပြီး ဒေသတွင်း အထူးအရေးပါတဲ့ နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ တစ်ချိန်က ကွန်မြူနစ်အာဏာရှင် လက်အောက်မှာ နေထိုင်ခဲ့ရတဲ့ ပိုလန်နိုင်ငံမှာ ယခုအခါ ဒီမိုကရေစီအပြည့်အဝ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မားစွာ လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ ဒီဆောင်းပါးမှာ စိတ်ဝင်စားဖွယ် ပိုလန်နိုင်ငံရဲ့ သမိုင်းကြောင်း၊ ဝါဆောမြို့တော်၊ ပိုလန်နိုင်ငံ ပညာသင်ဆု အခွင့်အလမ်းများ နဲ့ ပိုလန်-မြန်မာ ဆက်ဆံရေးတို့ ကို လေ့လာဖတ်ရှုရမှာ ဖြစ်ပါတယ်။

## ပိုလန်နိုင်ငံ (Poland)

ပိုလန်နိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်းတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရုရှား၊ ဂျာမနီ၊ ချက်သမ္မတနိုင်ငံ၊ ယူကရိန်း၊ ဘီလာရုစ်၊ လစ်သူယေးနီးယား၊ ဆလိုဗက်ကီးယား စသော နိုင်ငံများ နှင့် နယ်ချင်းထိစပ်လျက်ရှိသည် ။ ၃၁၂,၆၇၉ စတုရန်းကီလိုမီတာ (၁၂၀,၇၂၆ စတုရန်းမိုင်) ကျယ်ဝန်းပြီး ၂၀၁၅ စာရင်းများ အရ လူဦးရေ သန်း ၄၀ နီးပါးမှီတင်းနေထိုင်ကြသည် ။ ပိုလန်နိုင်ငံသည် အလယ်ခေတ် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ၊ ဂျူးလူမျိုးတို့ ၏ ယဉ်ကျေးမှု အမွေအနှစ်များတို့ ကြောင့် ထင်ရှားကျော်ကြားသည် ။ ဥရောပမြေပြင် အနေအထားအရ အချက်အခြာ ကျလှသော ပိုလန်နိုင်ငံသည် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အိမ်နီးချင်း ဂျာမနီ၏ ကျူးကျော်မှုကိုခံခဲ့ပြီး အဆိုပါကျူးကျော်မှုကို အစပြု၍ ဥရောပတိုက်တွင် ဒုတယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည် ။ စစ်အတွင်း ဆိုဗီယက်နိုင်ငံ၏ ကျူးကျော်မှုကိုလည်း ခံခဲ့ရပြီး ပိုလန်နိုင်ငံ သည် သူ၏ အိမ်နီးချင်း နိုင်ငံကြီးနှစ်နိုင်ငံ၏ ခွဲဝေအုပ်ချုပ်ခြင်းကို ခံခဲ့ရသည် ။ စစ်အတွင်း ခြောက်သန်းမကသော ပိုလန်နိုင်ငံသားများ အသက်ဆုံးပါးခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ဆိုဗီယက်နိုင်ငံ၏ လွှမ်းမိုးမှုဖြင့် ပိုလန်နိုင်ငံတွင် ကွန်မြူနစ်အစိုးရ အာဏာရ လာခဲ့သည် ။ ၁၄ မေလ ၁၉၅၅ တွင် ဆိုဗီယက်ဦးဆောင်သော ဝါဆောစစ်စာချုပ်ကို ပိုလန်နိုင်ငံ ဝါဆောမြို့တော်တွင် ချုပ်ဆိုခဲ့ကြပြီး ကမ္ဘာစစ်အေးတိုက်ပွဲ အရှိန်အဟု န်ကို မြင့်မားစေခဲ့သည် ။ ၁၉၈၀ ပြည့်နှစ်တွင် ပိုလန်နိုင်ငံ၌ အလုပ်သမား မငြိမ်မသက်မှုများ ဖြစ်

ပွားခဲ့ပြီးနောက် အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့များ (Solidarity) ပေါ်ပေါက်လာခဲ့ပြီး အဆိုပါ အလုပ်သမားအဖွဲ့အစည်းများ သည် နိုင်ငံရေးအင်အားစုအဖြစ် ပြောင်းလဲသွားကာ ၁၉၉၀ အထွေထွေရွေးကောက်ပွဲများ တွင် အလုပ်သမားတက်ကြွလှုပ်ရှားသူလည်း ဖြစ်၊ ၁၉၈၃ နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင်လည်း ဖြစ်သူ လက်ချ်ဝါလက်ဆာ (Lech Walesa)သည် ပိုလန်နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည် ။ ယခုအခါ ပိုလန်နိုင်ငံသည် အမေရိကန် ဦးဆောင်သော နေတိုင်းမဟာမိတ်စစ်အုပ်စု၏ အရေးပါသောအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည် ။ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁ ရက်တွင် ပိုလန် သမ္မတ Lech Kaczynski နှင့် ထိပ်တန်းနိုင်ငံခေါင်းဆောင်များ စီနင်းလာသော လေယာဉ်သည် ရုရှားနိုင်ငံခရီးစဉ်တစ်ခုအတွင်း ပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၉၆ ဦးစလုံး အသက်ဆုံးရှုံးခဲ့ရသည် ။

## ဝါဆောမြို့တော် (Warsaw)

ဝါဆောမြို့သည် ပိုလန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေနှစ်သန်းကျော်ခန့် နေထိုင်သည် ။ ဝါဆောမြို့တော်သည် အခြားဥရောပတိုက် မြို့ကြီးများ နည်းတူ သမိုင်းတစ်လျှောက် အတက်အကျ၊ အတိုးအဆုတ်များစွာ တွေ့ကြုံခံစားခဲ့ရပြီး ၁၈၉၇ နှစ်များ ဝန်းကျင်တွင် မူ လူဦးရေ ၆၂၆, ၀၀၀ ခန့် နေထိုင်သော မြို့ပြကြီးတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည် ။ ဝါဆောသည် ပထမကမ္ဘာစစ်အတွင်း ၁၉၁၅ ဩဂုတ်လတွင် ဂျာမနီနိုင်ငံ၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး ဒုတိယကမ္ဘာစစ် အတွင်း၌

လည်း ၁၉၃၉ စက်တင်ဘာတွင် ဂျာမနီနိုင်ငံ၏ ကျူးကျော်သိမ်းပိုက်မှုကို ခံခဲ့ရပြန်သည် ။ ကျူးကျော်သိမ်းပိုက်မှုအတွင်း ပိုလန်နိုင်ငံသားများနှင့် ဂျူးလူမျိုးများ အများ အပြား အကျဉ်းစခန်း များ တွင် ထည့်သွင်းပိတ်နှောင်ခြင်း ခံခဲ့ရပြီး သန်းနှင့်ချီသော အကျဉ်းသားအများ အပြား အဆိုပါ အကျဉ်းစခန်းများ အတွင်း အသက်ဆုံးရှုံးခဲ့ရသည် ။ ၁၉၄၅ ဇန်နဝါရီတွင် ဆိုဗီယက်တပ်နီတော်မှ ဝါဆောမြို့တော်ကို ပြန်လည်သိမ်းယူခဲ့ပြီး ဂျာမနီအုပ်ချုပ်မှုအောက်မှ လွတ်မြောက်စေခဲ့သည် ။ ဝါဆောသည် စစ်အတွင်း အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံအကြား မြေဇာပင်သဖွယ် ကျရောက်ခဲ့ရပြီး စစ်ကြောင့် မြို့တော်၏ ၈၅ ရာခိုင်နှုန်းခန့်မှာ အကြီးအကျယ် ပျက်စီးခဲ့ရသည် ။ ယခုအခါ ဝါဆော မြို့တော်သည် ဥရောပအရှေ့ပိုင်းဒေသ၏ ငွေကြေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာမှုနှင့် ပညာရေးဆိုင်ရာ အချက်အခြာအဖြစ် သတ်မှတ်ခြင်းခံရသည် ။

## ပိုလန်-မြန်မာ ပညာသင်အခွင့်အလမ်းများ

ပိုလန်နိုင်ငံတွင် ကျောင်းတက်ရန် ပညာသင်ဆု လျှောက်ထားလိုသော မြန်မာနိုင်ငံမှ ကျောင်းသားများ အတွက် အကျိုးဝင်သော ပညာသင်ဆု အစီအစဉ်တစ်ခုမှာ The Ignacy Lukasiewicz Scholarship Programme ဖြစ်သည် ။ အဆိုပါအစီအစဉ်ကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပြီး ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် အဆင့်မြင့်ပညာရေး ဝန်ကြီးဌာနတို့ မှ ပူးတွဲလုပ်ဆောင်ခြင်းဖြစ်သည် ။ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ ၏ လူမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပညာရေးမှ တစ်ဆင့် အထောက်အကူပြုစေရန်ဖြစ်ပြီး ပညာသင်ကြားခွင့်

ရရှိပါက ပိုလန်ယဉ်ကျေးမှု နှင့် ဘာသာစကားများ နှင့်ပါ ထိတွေ့ခွင့်ရရှိမည်ဖြစ်သည် ။ ကျောင်းစရိတ်၊ ကျူရှင်စရိတ်များကို ပညာသင်ဆုကျမှ ကျခံပေးမည်ဖြစ်ပြီး လစဉ်နေထိုင်မှု အသုံးစရိတ် ပိုလန်ငွေကြေး (Polish Zloty) PLN 1,350 ရရှိမည် ဖြစ်သည် ။ ၂၀၁၆ ဧပြီလ ၂၆ ရက် ငွေလဲနှုန်းအရ တစ်ဒေါ်လာသည် PLN ၃.၈၈ နှင့် ညီမျှသည် ။ မဟာဘွဲ့ (Master studies) နှင့် ပါရဂူဘွဲ့ (Ph.D studies) နှစ်မျိုးလုံးအတွက် လျှောက်ထားနိုင်သည် ။ မဟာဘွဲ့အတွက် အကျုံးဝင်သော ဘာသာရပ်များမှာ Science, Natural Sciences, Technical, Science, Agricultural, Forestry and Veterinary Sciences များ ဖြစ်ပြီး ပါရဂူဘွဲ့အတွက် အကျုံးဝင်သော ဘာသာရပ်များမှာ Mathematics, Physics, Chemistry, Biology, Earth Sciences, Technical Sciences, Agricultural, Forestry and Veterinary Sciences တို့ ဖြစ်ကြသည် ။ တစ်နှစ်လျှင် မဟာဘွဲ့ပညာသင်ဆု ၄၅ ဆုခန့် ပေးအပ်ပြီး ပါရဂူဘွဲ့ ပညာသင်ဆု ၁၅ ဆုပေးအပ်ကြောင်း သိရသည် ။ အသေးစိတ်အချက်အလက်များကို www.go-poland.pl တွင် သွားရောက် ကြည့်ရှုနိုင်ပြီး lukasiewicz@buwiwm.edu.pl နှင့် przygoda@buwiwm.edu.pl တို့ သို့လည်း အီးမေးလ်ပေးဖို့ ဆွေးနွေးနိုင်သည် ။

## ပိုလန်-မြန်မာဆက်ဆံရေး

ပိုလန်နိုင်ငံဟာ မြန်မာနိုင်ငံလိုပဲ နှစ်ပေါင်းများ စွာ အာဏာရှင်စနစ်အောက်မှာ ကျရောက် ခဲ့တာဖြစ်လို့ ပိုလန်နဲ့ မြန်မာနိုင်ငံအကြား တူညီမှုများ စွာကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ပိုလန်ကွန်မြူနစ်အာဏာပိုင်များလက်မှ လွတ်မြောက်အပြီး ၁၉၉၀ မှ စလို့ သူ့ရဲ့ ဈေးကွက်စီးပွားရေး ပြ

န်လည်တည်ဆောက်မှု၊ နိုင်ငံရေး၊ လူမှုရေးအဆောက်အဦများ ပြန်လည်အသက်သွင်းခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ နှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်ခြင်း စတဲ့ အတွေ့အကြုံ များ ဟာ မြန်မာနိုင်ငံ လက်ရှိအခြေအနေများ နဲ့ များ စွာ တူညီမှုရှိပါတယ်။ နိုင်ငံအရွယ်အစားနဲ့ လူဦးရေ အချိုးအစားကြောင့် ပိုလန်နိုင်ငံကို ကမ္ဘာက ဥရောပရဲ့ အကြီးမားဆုံး ပေါ်ထွက်လာတဲ့ စီးပွားရေးဈေးကွက်လို့ သတ်မှတ်ယူဆခဲ့ကြသလို မြန်မာကိုလည်း နိုင်ငံအများ အပြားက အာရှရဲ့ နောက်ဆုံးလက်ကျန် ဈေးကွက်ကြီးတစ်ခုအနေနဲ့ တင်စားကြတာမျိုး ရှိပါတယ်။

ပိုလန်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ၁၉၅၅ နိုဝင်ဘာလမှာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ခဲ့ပြီး ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Radoslaw Sikorski ဟာ မေလ ၂၀၁၂ မှာ နေပြည်တော်သို့ လာရောက်လည်ပတ်ခဲ့ပြီး ယခင်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လည်း ပိုလန်နိုင်ငံသို့ မေလ ၂၀၁၅ မှာ သွားရောက်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ၁၉၉၁ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှာ ပိုလန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၁၉၈၃ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဖြစ်သူ ပိုလန်သမ္မတ လက်ချ်ဝါလက်ဆာ(Lech Walesa)နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ပိုလန်နိုင်ငံသို့ ရောက်ရှိစဉ် နာမည်ကျော် ဝါဆောတက္ကသိုလ်(Warsaw University)သို့ သွားရောက်ကာ ကျောင်းသားများအား ‘နိုင်ငံရေးနှင့် ပညာရေး’ ‘Politics and Education’ ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ရာ တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ဩဘာပေးခဲ့ကြပါတယ်။

နီဂုံး

မြန်မာနိုင်ငံမှ ကျောင်းသားများ အနေနဲ့ ပိုလန်နိုင်ငံမှာ ပညာသင်ယူဖို့ တိုက်တွန်းလိုတဲ့ အချက် သုံးချက်ရှိပါတယ်။ ပထမအချက်က ပိုလန်နဲ့ မြန်မာဟာ နိုင်ငံရေးသမိုင်းကြောင်း ဖြတ်သန်းမှုခြင်း ဆင်တူပါတယ်။ ပိုလန်နိုင်ငံရောက်ရှိစဉ် မြန်မာနိုင်ငံအတွက် လေ့လာသင်ယူမှု၊ မျှဝေစရာတွေ အများကြီးရှိပါတယ်။ ဒုတိယအချက်က ဦးစားပေးမှု ဖြစ်ပါတယ်။ ပိုလန်နိုင်ငံဟာ မြန်မာနိုင်ငံကို သူ့ရဲ့ ၂၀၁၆-၂၀၂၀ ဖွံ့ဖြိုးရေးအကူအညီအစီအစဉ်မှာ ဦးစားပေးအဆင့် သတ်မှတ် ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ တတိယအချက်က ပိုလန်ရဲ့ ပညာရေးစနစ်ဖြစ်ပါတယ်။ ပိုလန်နိုင်ငံရဲ့ ပညာရေးစနစ်မှာ နိုင်ငံတကာအဆင့်မှီ အရည်အသွေး ကောင်းမွန်လှသဖြင့် ဥရောပတလွှားနှင့် ချမ်းသာကြွယ်ဝသော စကင်ဒီနေဗီးယားနိုင်ငံများမှ အချို့သော ကျောင်းသား များ ဟာ ပညာရေးကုန်ကျစရိတ် သက်သာတဲ့ ဝါဆောနှင့် ပိုလန်တလွှားရှိ တက္ကသိုလ်များ တွင် ပညာသင်ယူကြကြောင်း သိရပါတယ်။ လျှောက်ထားသူအားလုံး ကံကောင်းကြပါစေလို့ ဆန္ဒပြု လိုက်ပါတယ်။

**Source: The Voice Sunday/ May 02-08, 2016/P.28**

***

# လူငယ်နှင့် လျှန်မြန်သွက်လက်မှု



Source: Internet

ဒီနေ့ခေတ်မှာ ပညာသင်တာပဲဖြစ်ဖြစ်၊ အလုပ်လုပ်တာပဲဖြစ်ဖြစ် လျှ
န်မြန်သွက်လက်ဖို့ လိုပါတယ်။ မြန်မြန်ထက်ထက်လုပ်ဖို့ လိုပါတယ်။ ဒီ
လိုရေးရတာ မြန်မာလူငယ်တွေ အလုပ်လုပ်ရင် နှေးကွေးလို့ ဖြစ်ပါတ
ယ်။ အလုပ်ကို မြန်မြန်ထက်ထက်လုပ်တဲ့ မြန်မာလူငယ်ဆိုတာ နည်းပါ

တယ်။ မရှိလို့ လုပ်စားတာပဲ ဖြည်းဖြည်းပေ့ါတို့ ၊ ဒီလောက်လုပ်လည်း ဒီလစာပဲ၊ ဒီထက်ပိုလုပ်လည်း ဒီလစာပဲဆိုပြီး ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန်လုပ်တဲ့ သူတွေက အများ စုလို ဖြစ်နေပါတယ်။ တချို့ဟာ တွေက တော့ မှန်ပါတယ်။ ဆိုချင်တာ အချို့အလုပ်ရှင်တွေက မတန်တဆ ခိုင်းချင်တယ်။ ပေးတော့လည်း ဒီလောက်ပဲ။ တစ်ခုပြီးသွားရင်လည်း နောက်တစ်ခုလာပြန်ရော။ ဒီတော့ လုပ်ငန်းခွင်တွေမှာ အချိန်ဆွဲလုပ်တာ၊ အလုပ်တစ်ခု ပြီးနိုင်ပေမယ့် အခြေအနေ၊ အချိန်အခါ ကြည့်ပြီးမှ အပြီးသတ်တာ ဒါမျိုးတွေရှိပါတယ်။ သို့သော် အဲဒီလို လေးတိလေးတွဲလုပ်တာ၊ အချိန်ကို တန်ဖိုးမထားတာ၊ လျင်လျင်မြန်မြန် မလုပ်တာတွေဟာ အကျင့်ပါမသွားဖို့ တော့ လိုပါတယ်။

ဒီနေ့ခေတ် နိုင်ငံခြားတိုင်းပြည်တွေ တိုးတက်တယ်ဆိုတာ လူတွေကြိုးစားအားထုတ်မှု များ လို့ ဖြစ်တယ်။ လောဘကြီးလို့ ဖြစ်တယ်။ အလုပ်လုပ်ရင် လျှန်မြန်လို့ ဖြစ်တယ်။ ပျင်းရိပျင်းတွဲ မလုပ်ကြလို့ ဖြစ်တယ်။ ဂျပန်တို့ ၊ ကိုရီးယားတို့ ၊ ဗီယက်နမ်တို့ ဆိုတာ သူတို့ နိုင်ငံသားတွေဟာ အလုပ် ကြိုးစားတဲ့ နေရာမှာ အင်မတန် နာမည်ကြီးတယ်။ အရင်တုန်းက နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု တွေပြုတော့မယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေဟာ သူတို့ ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံမှာ လုပ်အားခ ဈေးချို၊ မချို အရင်ဆုံး လေ့လာကြတယ်။ သို့သော် အခုနောက်ပိုင်းမှာ လုပ်အားခဈေးချိုတာထက် မြန်မြန် သွက်သွက် အလုပ်လုပ်တဲ့ လုပ်သားထုရှိတဲ့ နိုင်ငံတွေကို ပိုပြီး အာရုံရောက်ကြတယ်။ ဒီလိုဖြစ်နေတာ တော့ကြာပါပြီ။ ရင်းနှီးမြှုပ်နှံသူတွေဟာ သူတို့ အတွေ့အကြုံအရ ဈေးသက်သာတဲ့ လုပ်သားတွေဟာ ပြဿနာများ တတ်၊ ပြဿနာရှာတတ်ပြီး ဈေးနည်းနည်းကြီးတဲ့ လုပ်သားတွေကတော့ ပိုပြီး ပေးရပေမယ့် ပြဿနာနည်းတယ်ပေ့ါ။ ဒီတော့ ဈေးသက်သာတာနဲ့ ပြန်ချေလိုက်

ရင် အတူတူလောက် ဖြစ်သွားတယ်။ ပစ္စည်းတစ်ခုကို ဝယ်သလိုပေါ့။ ဈေးသက်သာတဲ့ ပစ္စည်းဝယ်ရင် ကံကောင်းရင်တော့ ကြာရှည်ခံတယ်။ သို့သော် အများ စုက ကြာရှည်မခံတာများ တယ်။ ဈေးကြီးတဲ့ အမှတ်တံဆိပ်ကို ဝယ်ရင်တော့ နည်းနည်းတော့ ပိုပေးရမယ်။ သို့သော် ကြာရှည်ခံတယ်။ ကရိကထ နည်းတယ်။ သိပ် နောက်ပြန်လှည့်ကြည့်စရာ မလိုဘူး။

အခုဆို မြန်မာနိုင်ငံမှာ အစိုးရသစ်တက် လာပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုများ ပြားလာတော့မယ် ဆိုတဲ့ အချက်ပြမှုတွေ ရှိနေတယ်။ သို့သော် တိုင်းပြည်စီးပွားရေးကို အမှန်အပြောင်းအလဲဖြစ်စေမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်ဖို့ တော့ လိုပါတယ်။ အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ဖို့ လိုပြီး ဦးသိန်းစိန် အစိုးရတက်ခါစမှာ လည်း ဒီလိုပဲ လာမယ်၊ လာမယ်နဲ့ စာရွက်ပေါ်က ကိန်းဂဏန်းတွေဖြစ်နေတာ များ တတ်ပါတယ်။ အခုလည်း လာမယ်ဆိုပြန်ပါပြီ။ ဒီတစ်ခါတော့ အရပ်သားအစိုးရအဖြစ် ပိုမိုပီပြင် လာပြီဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုတွေ အမှန်ဖြစ်လာမယ်လို့ ယေဘုယျတွက်ဆနိုင်ပါတယ်။ သို့သော် လက်တွေ့အဖြစ်အပျက်တွေကတော့ တစ်နည်းတစ်ဖုံ ကွဲပြားနေပုံရပါတယ်။ ဆိုချင်တာ ရင်းနှီးမြှုပ်နှံသူတွေဟာ ဆက်လက်စောင့်ကြည့်ဆဲ အခြေအနေမှာ ပဲ ရှိပါတယ်။ အဲဒါ နိုင်ငံရေး အခြေအနေတစ်ခုတည်းနဲ့ မဆိုင်ပါဘူး။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အမြင်မှာ မြန်မာ လုပ်သားတွေဟာ နှေးတယ်။ သွက်လက်မှုမရှိဘူး။ အလွယ်တကူ သွေးဆောင်ခံရတတ်တယ်။ ထစ်ခနဲဆို ဆန္ဒပြတယ်ပေါ့ဗျာ။

မြန်မာလူငယ်အများ စု နှေးတယ်ဆိုတာကတော့ အမှန်ပါပဲ။ အိမ်နီးချင်းနိုင်ငံတွေသွားကြည့်။ ဟိုးက ဂျပန်၊ ကိုရီးယားကို မပြောဘူး။ ထိုင်း၊ မလေးရှားလောက်ဆို အားလုံးက တက်သုတ်ရိုက် နေပြီ။ မြန်မာဟာ

အာဆီယံ ၁၀ နိုင်ငံမှာ နောက်ဆုံးကျန်ခဲ့တယ်ဆိုတာ တစ်ခုခုတော့ မှားနေလို့ ဖြစ် တယ်။ ဆိုရှယ်လစ်အစိုးရတွေ၊ စစ်အစိုးရတွေ သွားပုံချမနေနဲ့ ။ အစိုးရအဆက်ဆက် ခေါင်းဆောင်မှု ညံ့ဖျင်းတာတော့ ဟုတ်ပါတယ်။ သို့သော် အဖြေက အတွင်းမှာ ပဲရှိတယ်။ မြန်မာ့လူ့အဖွဲ့အစည်းက အေးအေးသက်သာနေကျင့်က ပုံမှန်လို ဖြစ်နေတယ်။ ခပ်မြန်မြန်လုပ်တဲ့ သူဆိုရင်တောင် အပြစ်မြင် တတ်တယ်။ ဒါကြောင့် တိုးတက်ချင်တဲ့ မြန်မာလူငယ်တွေဟာ လျင်မြန်မှုနဲ့ ပတ်သက်ပြီး အလေ့အကျင့်ဖြစ်လုပ်ပေးဖို့ လိုတယ်။ လုပ်စရာမှ မရှိတာ ဘာကို မြန်မြန်လုပ်ရမှာ လဲလို့ မေးစရာရှိ ပါတယ်။ လုပ်စရာဆိုတာ ကိုယ့်အပေါ်မှာ ပဲ မူတည်ပါတယ်။ လုပ်စရာဆိုတာကို ရှာဖွေနေရမယ်။ ကြံဆနေရမယ်။ တိုးတက်ချင်တယ်ဆိုရင် ပြောတာနော်။ လျင်မြန်မှုနဲ့ လောဘဆိုတာ ဆက်စပ် နေတယ်။ ဘာလုပ်လုပ် လောဘကြီးရမယ်။ ငယ်ရွယ်ကျန်းမာစဉ်မှာ စစ်မှန်တဲ့ လောဘကို မွေးတတ် ရမယ်။ ပညာလောဘ၊ အလုပ်လောဘ၊ ငွေကြေးလောဘ ရှိရမယ်။ လောဘကြီးမှ တိုးတက်မှုဆိုတာ ရှိမယ်။ လောဘဆိုတာ တရားတဲ့ လောဘကို ပြောတာနော်။ ဒီနေရာမှာ ဘာသာရေးတော့ မပါကြေးပေါ့။ ပညာရှာလိုသူ၊ အလုပ်ရှာလိုသူ၊ ငွေကြေးရှာလိုသူတွေအဖို့ အချိန်ဆိုတာ လုနေရတယ်။ ဒီနေ့ခေတ်မှာ နှေးနှေးလုပ်တဲ့ သူက ကျန်ခဲ့မှာ ပဲ။

စာရေးသူ ကိုရီးယားမှာ ပညာသင်ကြားစဉ်မှာ သူတို့ လူ့အဖွဲ့အစည်းကို အတတ်နိုင်ဆုံး လေ့လာခဲ့တယ်။ ကိုရီးယားတွေ အရမ်းအလုပ်လုပ်တယ်။ အဲဒါ မှန်တယ်။ သူတို့ ဆီမှာ ပါလိပါလိ ချူဆဲယို ဆိုတာရှိတယ်။ ဆိုလိုတာ မြန်မြန်လုပ်ပါပေါ့။ အဲဒီ ပါလိပါလိကပဲ ဒီနေ့ ကိုရီးယားဆိုတာ ဖြစ်လာခဲ့တယ်။ စာရေးသူ ကိုရီးယားကပြန် လာပြီးတော့ အဲဒီ ပါလိပါလိယဉ်ကျေးမှုကို သဘောကျလို့ အလုပ်လုပ်တဲ့ အခါမှာ မြန်မြန်သွ

က်သွက်ဖြစ်အောင် ကြိုးစားတယ်။ အချိန်တွေ ပိုထွက်လာအောင် လုပ်တယ်။ အဲဒီ ပိုထွက်လာတဲ့ အချိန်တွေမှာ ကိုယ်ပိုင်အစီအစဉ်တွေ ရေးဆွဲတယ်။ ကိုယ့်မှာ ရှိတဲ့ ရင်းမြစ်နဲ့ ဖြစ်နိုင်ချေကို သုံးသပ်တယ်။ အဲဒီလို စိတ်ကူးကြံဆချက် တွေကပဲ နှစ်ပေါင်းများ စွာလုပ်ခဲ့တဲ့ အစိုးရအလုပ်ကိုစွန့်လွှတ်ပြီး ကိုယ့်ဘဝအနာဂတ် အလုပ်အကိုင် သက်မွေးကျောင်းမှုအတွက် နိုင်ငံတကာအဖွဲ့အစည်း လောကထဲ ခြေချဖို့ ဖြစ်လာစေခဲ့တယ်။ အစိုးရအလုပ်မှာ ပါလီပါလီက သိပ်အခိုပ္ပာယ်မရှိပေမယ့် နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ကျတော့ ပါလီပါလီက လုပ်နိုင်သလောက် လေ့လာသင်ယူဖို့ တွေက အများကြီးရှိနေတယ်။ အဲဒီကစလို့ အလုပ်အကိုင်တွေ အကြိမ်ကြိမ်ပြောင်းခဲ့သလို နိုင်ငံခြားကိုလည်း ပညာတော်သင်၊ လေ့လာရေး အကြိမ်ကြိမ် ရောက်ခဲ့တယ်။ ဒီနေ့ခေတ်မှာ အလုပ်ရှားပါးတယ်ဆိုပေမယ့် ပညာရေးကောင်းရင် ကောင်းသလောက်၊ အတွေ့အကြုံများ ရင် များ သလောက်၊ မြန်မြန်သွက်သွက်လုပ်နိုင်ရင် လုပ်နိုင်သလောက်၊ အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ လုပ်စရာတွေ အများကြီးရှိတယ်ဆိုတာ သိလာရတယ်။ ထိုင်နေလို့ တော့ ဘာမှ ဖြစ်မလာဘူး။

မြန်မာတွေ ကြိုးစားအားထုတ်မှု နည်းတယ်။ လက်ကြောမတင်းဘူး။ ပျင်းတယ်ဆိုတာ အချင်းချင်း ပြောလေ့ရှိတယ်။ မကြိုက်ပေမယ့် အမှန်ပဲ။ အားလုံးတော့ မဟုတ်ဘူး ပေါ့။ မြန်မာ မဟုတ်ဘဲ ဘာသာခြား လူမျိုးခြားတွေနဲ့ ယှဉ်ရင် ကြိုးစားအားထုတ်မှုကတစ်ဆင့် မြန်မာစစ်စစ်တွေ ကြီးပွားတိုးတက်တယ်ဆိုတာ ရှားတယ်။ အထူးသဖြင့် နယ်ဒေသတွေမှာ ဆို မြန်မာလူငယ်တွေ တွေဝေငေးမောနေတာ အများကြီးရှိတယ်။ တစ်နိုင်ငံလုံးမှာ အများ ဆုံးဆိုလည်း လမ်းဘေး လက်ဖက်ရည်ဆိုင်တွေ ဖြစ်မယ်။ အဲဒီမှာ နာရီပေါင်းများ စွာထိုင်ပြီး နေ့စဉ်ပြောနေကြ

တဲ့ လေတွေကို စုပြီး လျှပ်စစ်ဓာတ်အားထုတ်ရင်တောင် ရန်ကုန်မြို့တစ်ဝက် မီးလင်းလောက်မယ် ထင်တယ်။

လူငယ်အတော်များများက စိတ်တော့ရှိကြတယ်။ သင်တန်းရှိရင် တက်မယ်။ အလုပ်ရှိရင် လုပ်မယ်။ ဒီလောက်ပဲ။ ကြိုတင်၊ ပြင်ဆင်အားထုတ်မှုဆိုတာ ရှားတယ်။ ဒီနေ့ခေတ်မှာ နယ်မှာ နေလည်း နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်က TOEFL တို့ ၊ IELTS တို့ ဆိုတာ အိမ်မှာ လုပ်လို့ရတယ်၊ တိပ်ခွေတွေဝယ်၊ စာအုပ်တွေဝယ်ပြီး လေ့ကျင့်လို့ ရတယ်။ အင်တာနက်က တစ်ဆင့် ပညာသင်ဆုတွေ လျှောက်လို့ ရတယ်။ အဆက်အသွယ် Networking တွေ လုပ်လို့ ရတယ်။ အလုပ်လည်း ဒီလိုပဲ။ UN အလုပ်တွေ၊ INGO အလုပ်တွေ၊ သံရုံးအလုပ်တွေဆိုတာ ဝက်ဘ်ဆိုက် တစ်ခုတည်းမှာ အားလုံးတွေ့နိုင်တယ်။ ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်ထားဖို့ သာ လိုတယ်။ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေကို အမိအရ အသုံးချတတ်ဖို့ ပဲ လိုတယ်။ တကယ်ကြိုးစားချင်သူ တွေ၊ တကယ်အောင်မြင်လိုသူတွေအဖို့ တွေဝေနေဖို့ အချိန်မရှိဘူး။ နှောင့်နှေးနေဖို့ အချိန်မရှိဘူး ။ ဒီနေ့ခေတ်မှာ လူငယ်တွေအနေနဲ့ ပညာရှာတာပဲဖြစ်ဖြစ်၊ အလုပ်လုပ်တာပဲဖြစ်ဖြစ် သူတို့ ဘယ်လောက်လျင်လျင်မြန်မြန် သွက်သွက်လက်လက် လုပ်ဆောင်ကြသလဲဆိုတဲ့ အပေါ် မူတည်ပြီး သူတို့ တစ်ဦးချင်းစီရဲ့ အနာဂတ်တိုးတက်မှုကို အဆုံးအဖြတ်ပေးမှာ ဖြစ်ကြောင်းပါ။

**Source: The Voice Sunday/ Jun 05, 2016/ P.14**

***